## ကျွန်ုပ်တို့အား မည်သို့ဆက်သွယ်ရမည်

- သင့်အနေဖြင့် အချိန်မရွေး ကျွန်ုပ်တို့အား ဖုန်း **1800 999 057** ဖြင့်ခေါ်နိုင်သည် – ဖုန်းခေါ်ခသည် အိမ်ဖုန်းမှ အခမဲ့ဖြစ်သည်
- သင်သည် MHAS ကိုဖုန်းခေါ်ပေးရန် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှုများဌာန ဝန်ထမ်းများအား စေခိုင်းနိုင်ပြီး ၎င်းတို့အနေဖြင့် 24 နာရီအတွင်း ဖုန်းခေါ်ပေးရမည်။
- MHAS ရုံးခန်းသည် တနင်္လာမှ သောကြာ နံနက် 8.30 နာရီမှ ညနေ 4.30 နာရီ အထိ ဖွင့်လှစ်ထားသည်၊ သို့သော် သင့်အနေဖြင့် ဖုန်းဖြေစက်တွင် အမှာသတင်းထားခဲ့နိုင်ပြီး ကျွန်ုပ်တို့ ရက်သတ္တပတ်အကုန်နေ့ရက်များ ဖြစ်သည့်တိုင် အမြန်ဆုံး သင့်အား ဖုန်းပြန်ဆက်ပေးပါမည်။ ကျွန်ုပ်တို့သည် သင့် အမည်၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ မွေးသက္ကရာဇ်နှင့် သင် မည်သည့်နေရာတွင်နေထိုင်ကြောင်း သိရှိရန်လိုအပ်ပါသည်။
- ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် **www.mhas.wa.gov.au** ကိုကြည့်ပါ။

## ကျွန်ုပ်တို့ မည်သူဖြစ်သည် – စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ကိုယ်စားဆောင်ရွက်ပေးမှု ဝန်ဆောင်မှု [Mental Health Advocacy Service (MHAS)]

- MHAS သည် အခမဲ့ ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု တစ်ခုဖြစ်ပြီး ဆေးရုံများနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှုများနှင့် သီးသီးသန့်သန့်ဖြစ်ပါသည်
- ကျွန်ုပ်တို့သည် သင် အလိုရှိသည့်အတိုင်း ကိုယ်စားဆောင်ရွက်ပေးသောကြောင့် သင့် ပြောကြားချက်ကို ကြားသိစေနိုင်မည်ဖြစ်သည်
- ကျွန်ုပ်တို့တွင် သင့်အား ကိုယ်စားဆောင်ရွက်ပေးရန် စိတ်ပိုင်းဆိုင်ရာ *ကျန်းမာရေး အက်ဥပဒေ 2014 ခုနှစ် [Mental Health Act 2014]* အရ အာဏာများ ရှိပါသည်။ အကယ်၍ သင် မကာန့်ကွက်ဘူးဆိုလျှင် ကျွန်ုပ်တို့အနေဖြင့် သင့် ဆေးမှတ်တမ်းဖိုင်တွဲကို ကြည့်ရှုနိုင်ပြီး သင့် ကုသမှုနှင့်စောင့်ရှောက်မှုနှင့်ပတ်သက်၍ သင့်တွင်ရှိသည့် မေးခွန်းများကို ဖြေဆိုပေးရန် ကြိုးစားနိုင်ပါသည်
- စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှုများဌာန ဝန်ထမ်းများသည် ကျွန်ုပ်တို့၏ မေးခွန်းများကို ဖြေဆိုပေးရမည်၊ သတင်းအချက်အလက်များကို ကျွန်ုပ်တို့အား ပေးရမည် ဖြစ်ပြီး သင့်အတွက် အခက်အခဲများကို ကြိုးစားဖြေရှင်းပေးရန် ကျွန်ုပ်တို့အား ကူညီပေးရမည် ဖြစ်သည်။

## အထောက်အကူပြုသော ဆက်သွယ်ရမည့်လူများ

**စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ကိုယ်စားဆောင်ရွက်ပေးမှု ဝန်ဆောင်မှု**
တံဆိပ်ခေါင်းကပ်ထားပြီးသား ပြန်စာ 84455 – စာပို့ တံဆိပ်ခေါင်း မလိုအပ်ပါ
ဖုန်း- (08) 6234 6300 သို့မဟုတ်
အခမဲ့ဖုန်း- 1800 999 057
ဝက်ဘ်ဆိုက် - www.mhas.wa.gov.au ကိုကြည့်ပါ။

## အခြား အထောက်အကူပြုသော ဆက်သွယ်ရမည့်လူများ

**ကျန်းမာရေး ဝန်ဆောင်မှုရယူသူများ ကောင်စီ**
ကျန်းမာရေး ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ကိုယ်စားဆောင်ရွက်ပေးမှု၊ သတင်းအချက်အလက်များနှင့် အကြံဉာဏ် အတွက်
ဖုန်း- (08) 9221 3422 သို့မဟုတ်
အခမဲ့ဖုန်း- 1800 620 780

**စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ဥပဒေ စင်တာ**
စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ခုံရုံး ကြားနာမှုများတွင် ဥပဒေဆိုင်ရာ အကြံဉာဏ်နှင့် ကိုယ်စားဆောင်ရွက်ပေးမှု အတွက်
ဖုန်း- (08) 9328 8266 သို့မဟုတ်
အခမဲ့ဖုန်း- 1800 620 285
သို့မဟုတ် အကြံဉာဏ် ဖုန်းလိုင်း- (08) 9328 8012

**ကျန်းမာရေးနှင့် မသန်မစွမ်းဖြစ်မှု ဝန်ဆောင်မှုများအတွက် တိုင်တန်းချက်များ ရုံး (HaDSCO)**
အစိုးရနှင့် ပုဂ္ဂလိက ကျန်းမာရေး ဝန်ဆောင်မှုများနှင့်ပတ်သက်သည့် တိုင်တန်းစာများကို စုံစမ်းရန် အတွက်
ဖုန်း- (08) 6551 7600 သို့မဟုတ်
အခမဲ့ဖုန်း- 1800 813 583

MHAS
MENTAL HEALTH ADVOCACY SERVICE

MHAS
MENTAL HEALTH ADVOCACY SERVICE

BURMESE

# သင့် ပြောကြားချက်ကို ကြားသိစေခြင်း – သင့် အခွင့်အရေးများကို သိရှိပါ

**အခမဲ့ဖုန်း 1800 999 057**

## သင့်အား ကူညီပေးရန် ကျွန်ုပ်တို့ ဘာလုပ်နိုင်သည်

စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး အကျိုးဆောင်များသည် သင့် အခွင့်အရေးများကို အကာအကွယ်ပေးရန်၊ သင့် လိုအင်ဆန္ဒများကို ဖော်ထုတ်ရန်အတွက် သင့်အား ကူညီပေးရန်နှင့် သင် ဘာဖြစ်ချင်သည်ကို ပြောပေးရန် ရှိနေကြပါသည်။

ကျွန်ုပ်တို့သည် သင့်ဖက်တွင်ရပ်တည်မည်ဖြစ်ပြီး သင့်အား ကူညီပေးနိုင်သည်မှာ-

- သင့် အခွင့်အရေးများကို နားလည်စေရန်နှင့် အကောင်အထည်ဖော်ပေးရန်
- သင့် ဆရာဝန် သို့မဟုတ် ကုသပေးသည့်အဖွဲ့နှင့် တွေ့ရန် စီစဉ်ပေးပြီး သင်နှင့်အတူ တက်ရောက်ပေးရန်
- သင့် ကုသပေးသည့်အဖွဲ့အား သင့် လိုအင်ဆန္ဒများကို ရှင်းပြပေးရန်
- စိတ်ရောဂါ အထူးကုဆရာဝန် နောက်တစ်ယောက်ထံမှ ထပ်ဆင့် အကြံဉာဏ်ကို ရယူပေးရန်
- သင်၏ သဘောအလျောက်မဟုတ်သည့် အမိန့် သို့မဟုတ် သင်နှင့်ပတ်သက်သည့် အခြား ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ပေးရန်အတွက် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ခုံရုံးသို့ လျှောက်ထားပေးရန်
- ခုံရုံး ကြားနာမှုတွင် သင့်အား အထောက်အကူပေးရန်
- သင့်အား ရှေ့နေများထံ လွှဲပို့ပေးရန်
- သင့် ကုသမှု၊ အထောက်အကူပေးမှုနှင့် ဆေးရုံးဆင်း အစီအစဉ်တို့တွင် ပါဝင်အကြံပြုရန်
- စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှုနှင့်ပတ်သက်သည့် တိုင်တန်းစာ တစ်စောင် ရေးပေးရန်
- သင့်အတွက် စကားပြန် တစ်ဦးကို ရယူပေးရန်
- သင့် မိသားစု သို့မဟုတ် အခြား အထောက်အကူပြုလူများနှင့် ဆက်သွယ်ပေးရန်။

**ကျွန်ုပ်တို့သည်  ဖြစ်နိုင်သမျှ အကောင်းဆုံး ကုသမှုနှင့် စောင့်ရှောက်မှုကို သင် ရရှိအောင် သေချာရန် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု စည်းမျဉ်းများ ပဋိဉာဉ်စာတမ်း ကိုလိုက်နာရန် အားပေးပါသည်။**

## မည်သူ့ကို ကျွန်ုပ်တို့ ကူညီနိုင်သည်

စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး အကျိုးဆောင်များသည် သင့်အား ကူညီနိုင်သည် အကယ်၍ သင်သည်-

- ဆေးရုံတွင် သဘောအလျောက်မဟုတ်သော လူနာတစ်ဦး ဖြစ်လျှင်
- အသိုင်းအဝိုင်း ကုသမှု အမိန့် (CTO) အရဖြစ်သော တစ်စုံတစ်ဦး ဖြစ်လျှင်
- စိတ်ရောဂါ အထူးကု ဆရာဝန်က စမ်းသပ်ကြည့်ရှုရန်အတွက် လွှဲပေးခံရသည့် တစ်စုံတစ်ဦးဖြစ်လျှင် (အကယ်၍ သင်သည် ချုပ်နှောင်ခံရလျှင် သူတို့အနေဖြင့် ကျွန်ုပ်တို့အားခေါ်ရန် အတွက် သင့်အား ဖုန်းခေါ်ခွင့်ပြုရမည်)
- စမ်းသပ်စိစစ်ပေးရန်အတွက် သင်သည် ချုပ်နှောင်ခံရခြင်းကြောင့် ထွက်ခွာခွင့်မရှိသည့် ဆေးရုံရှိ သဘောအလျောက် လူနာတစ်ဦး ဖြစ်လျှင်
- ရာဇဝတ် ဥပဒေ (စိတ်ပိုင်းဆိုင်ရာ ချို့တဲ့မှုရှိသည့် စွပ်စွဲခံရသူ) အက်ဥပဒေ *(Criminal Law (Mentally Impaired Accused) Act 1996)* အရ စိတ်ပိုင်းဆိုင်ရာ ချို့တဲ့မှုရှိသည့် ရာဇဝတ်ကြောင်း စွပ်စွဲခံရသူ တစ်ဦး  (ဥပမာ၊ ဆေးရုံတွင် သို့မဟုတ် ဖမ်းစီးအမိန့် အရ) ဖြစ်ပြီး အခွင့်အာဏာရ ဆေးရုံးတစ်ရုံတွင် ချုပ်နှောင်ခံနေရလျှင် သို့မဟုတ် လူမှု့အသိုင်းအဝိုင်းတွင် နေထိုင်နေလျှင်
- ပုဂ္ဂလိက စိတ်ရောဂါဆိုင်ရာ လူနေအဆောင်တွင် နေထိုင်သူ တစ်ဦးဖြစ်လျှင်။

အကယ်၍သင်သည် အထက်ဖော်ပြပါ တစ်ဦးဦး ဖြစ်သည် မဖြစ်သည်ကို မသေချာလျှင် ဘယ်လိုဖြစ်ဖြစ် ကျွန်ုပ်တို့အား ဖုန်းခေါ်ပါ။

- ကျွန်ုပ်တို့အနေဖြင့် သင့်အား ကူညီပေးကောင်း ပေးနိုင်သည်
- သင့်အခွင့်အရေးများကို သင့်အား ကျွန်ုပ်တို့ ပြောပြနိုင်သေးသည် သို့မဟုတ်
- ကူညီပေးနိုင်သည့် တစ်ယောက်ယောက်ထံသို့ သင့်အား ကျွန်ုပ်တို့ လွှဲပို့ပေးနိုင်သည်။

မိသားစု၊ စောင့်ရှောက်သူများနှင့် ကိုယ်ရေးကိုယ်တာ အထောက်အကူပေးသည့်လူများ အနေဖြင့် သင့်ကိုယ်စား ကျွန်ုပ်တို့အား ဖုန်းခေါ်နိုင်ပြီး ကျွန်ုပ်တို့သည် အကယ်၍ သင် သဘောတူလျှင် သူတို့နှင့်လုပ်ကိုင်ပေးပါလိမ့်မည်။

## မည်သည့်အခါတွင် ကျွန်ုပ်တို့ သင့်အား တွေ့လိမ့်မည်

စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး အကျိုးဆောင် တစ်ဦးသည် အကယ်၍ သင် အသက် **18** နှစ် ကျော်လျှင် **7** ရက်အတွင်း သင့်အား ဆက်သွယ်လိမ့်မည်ဖြစ်ပြီး အကယ်၍ သင် အသက် **18** နှစ် အောက်ဖြစ်လျှင် **24** နာရီအတွင်း ဆက်သွယ်လိမ့်မည်၊ ၎င်းမှာ အကယ်၍-

- သင်သည် သဘောအလျောက်မဟုတ်သော လူနာအဖြစ် လုပ်ခံရလျှင်
- သင်သည် CTO အရ လုပ်ခံရလျှင်
- သင်သည် စိတ်ပိုင်းဆိုင်ရာ ချို့တဲ့သည့် ရာဇဝတ်ကြောင်း စွပ်စွဲခံရသူ တစ်ဦးဖြစ်ပြီး အခွင့်အာဏာရ ဆေးရုံ တစ်ခုတွင် ချုပ်နှောင်ခံရလျှင် ဖြစ်ပါသည်။

သင့်တွင် ကျွန်ုပ်တို့အား အချိန်မရွေး ဖုန်းခေါ်ရန် သို့မဟုတ် သင့်အတွက် ဖုန်းခေါ်ပေးရန် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှုဌာန ဝန်ထမ်းများအား တောင်းဆိုရန် အခွင့်အရေးလည်း ရှိပါသည်၊ ၎င်းအပြင်-

- အကျိုးဆောင် တစ်ဦးသည် သင့်အား ဖုန်းပြန်ခေါ်မည် သို့မဟုတ် သူတို့ လာနိုင်သည့်အခါ သင့်ထံ အမြန်ဆုံးလာရောက်တွေ့ပါလိမ့်မည်
- အကယ်၍ သင်သည် စမ်းသပ်စစ်ဆေးခံယူရန်အတွက် လွှဲပို့ခံရလျှင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး အကျိုးဆောင် တစ်ဦးသည် 3 ရက်အတွင်း သင့်အား ဆက်သွယ်ရမည် သို့သော် ကျွန်ုပ်တို့အနေဖြင့် 24 နာရီအတွင်း သင့်အား ဆက်သွယ်ရန် ကြိုးစားပါလိမ့်မည်
- အကယ်၍ သင်သည် အသက် 18 နှစ်အောက်ဖြစ်လျှင် အကျိုးဆောင် တစ်ဦးသည် 24 နာရီအတွင်း သင့်အား ဆက်သွယ်ပါလိမ့်မည်။

သင့်အနေဖြင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး အကျိုးဆောင် တစ်ဦးကိုလည်း သူတို့ ဆေးရုံ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှုဌာန သို့မဟုတ် အဆောင် သို့လာရောက်နေစဉ် ချဉ်းကပ်နိုင်ပါသည်။

ကျွန်ုပ်တို့တွင် Perth, Albany, Bunbury, Kalgoorlie နှင့် Broome မြို့များတွင် အခြေပြုထားသော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး အကျိုးဆောင်များ ရှိပါသည်။  အကယ်၍ သင်သည် တစ်နေရာရာ၌ ရှိနေသည်ဆိုလျှင် ကျွန်ုပ်တို့ သင့်အား ဖုန်းဖြင့် ဆက်သွယ်မည်။